**မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး (၃၁.၃.၂၀၂၃)ရက်နေ့အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန်လည်းကောင်း၊ ပြောင်းလဲတပ်ဆင်ရန် ကျန်ရှိသည့်ယာဉ်များအတွက် ၂၀၂၃ခုနှစ်၊ ဧပြီလအား ပညာပေးကာလ သတ်မှတ်၍ ဆောင်ရွက်ပေးခြင်းကိုလည်းကောင်း အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံးအဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ပညာပေးကာလကျော်လွန်ပြီဖြစ်ပါသဖြင့် ဖောင်းကြွနံပါတ်ပြားအသစ် ပြောင်းလဲတပ်ဆင်ရန် ကျန်ရှိသည့်မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ (၁.၅.၂၀၂၃)ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အောက်ပါအတိုင်း စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မေလ ပထမပတ် (၁.၅.၂၀၂၃ ရက်နေ့မှ ၇.၅.၂၀၂၃ ရက်နေ့)အတွင်း ဖောင်းကြွနံပါတ်ပြားအသစ် ပြောင်းလဲတပ်ဆင်ရန် ကျန်ရှိသည့်မော်တော်ယာဉ်များအနေဖြင့် အပြီးဆောင်ရွက်စေရန်၊

(ခ) မေလ ဒုတိယပတ် (၈.၅.၂၀၂၃ ရက်နေ့မှ ၁၄.၅.၂၀၂၃ ရက်နေ့)အတွင်း ဖောင်းကြွနံပါတ်ပြားအသစ် ပြောင်းလဲတပ်ဆင်ခြင်းမရှိသေးသည့် မော်တော်ယာဉ်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် နံပါတ်ပြားမှာယူထားပြီးဖြစ်ကြောင်း အထောက်အထားပြေစာ တင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်များအား စစ်ဆေးတွေ့ရှိပါက ဒဏ်ငွေ ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဒဏ်တပ်ရန်၊

(ဂ) မေလ တတိယပတ် (၁၅.၅.၂၀၂၃) ရက်နေ့မှစ၍ ဖောင်းကြွနံပါတ်ပြားအသစ် ပြောင်းလဲတပ်ဆင်ခြင်းမရှိသေးသည့် မော်တော်ယာဉ်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် နံပါတ်ပြားမှာယူထားပြီးဖြစ်ကြောင်း အထောက်အထား ပြေစာတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်များအား စစ်ဆေးတွေ့ရှိပါက မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(Wheel Tax)ကို သိမ်းယူရန်နှင့် နံပါတ်ပြားအသစ်တပ်ဆင်ပြီးကြောင်း လာရောက်ပြသနိုင်ချိန်တွင် Wheel Tax ပြန်လည်ထုတ်ပေးရန်၊

၃။ သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**